ယခုအချိန်တွင် အထင်ကရ သတင်းဖြစ်ရပ်များကို အချက်အလက်အမှန်အတိုင်း မှတ်တမ်းတင်ခွင့်ရနေပြီ ဖြစ်ပါသည်။

၁၉၈၈ ခုနှစ်အတွင်း ဖြစ်ပေါ်ခဲ့သော သတင်းမှတ်တမ်းများကို ပြန်လည် စုစည်းကြည့်လိုက်သောအခါ မြန်မာနိုင်ငံအတွက် ကြီးမားသော ကွေ့ချိုး ပြောင်းလဲမှုများကို ထင်ဟပ်နေလျက်ရှိပါသည်။

နှစ်ပေါင်း ၃၀ အချိန်ကာလသည် လူငယ်များအတွက်မူ ကြာမြင့်ခဲ့ပြီ ဆိုနိုင်သော်လည်း၊ ကိုယ်တိုင်တွေ့ကြုံ ဖြတ်သန်းလာရသူများအတွက်မူကား သတင်းဖြစ်ရပ်များကို ပြန်လည် ဖတ်ရှုမြင်တွေ့ရတိုင်း ပြည်သူ့အရေးတော်ပုံ ကာလများကို သတိရ သွေးနွေးဆဲပင် ဖြစ်ပါလိမ့်မည်။

ထို့ကြောင့်ပင် ယခုဦးစွာ နိုင်ငံပိုင်သတင်းစာများမှ ၃ လစာ သတင်းမှတ်တမ်း စုစည်းမှုကို အားသန်စိတ်ဖြင့် ပထမအသုတ် လုပ်ဆောင်ဖြစ်ခဲ့ပါသည်။

ယနေ့အချိန်တွင် ပြည်သူအများ ပိုင်ဆိုင်ခွင့် ရရှိနေပြီဖြစ်သော လူတစ်ဦးချင်းစီ၏ အခွင့်အရေးများသည် ယခု စုစည်းထားသော သတင်းမှတ်တမ်းများ၊ သတင်းထဲမှ ပြည်သူအများ၏ လှုပ်ရှားမှုများကြောင့် ဖြစ်ကြောင်း ကြီးမားသည့် တန်ဖိုးတစ်ခုကို မြင်တွေ့ရမည် ဖြစ်ပါသည်။ သတင်းများ၏ အလျှော့အတင်း၊ အမှိန်အမျှော့ကမူ သတင်းဖော်ပြရာ သတင်းစာများ၏ အာဘော်၊ သတင်းသမားများ၏ ရပ်တည်ချက်တို့ အပေါ်တွင်လည်း များစွာ တည်မှီနေသည်ဖြစ်ရာ ထိုအချိန်ကာလ ကျန်မီဒီယာများ၏ သတင်းရေးသားချက်များ၊ ထုတ်လွှင့်ချက်များကိုလည်း ထပ်မံလေ့လာရန်တော့ လိုအပ်ပါလိမ့်ဦးမည်။

အထူးအားဖြင့် တန်ဖိုး တစ်စုံတစ်ရာ ရှိနေသော သတင်းမှတ်တမ်းများကို ယခုကဲ့သို့ နိုင်သလောက်အားဖြင့် စုစည်း မှတ်တမ်းတင်ခွင့်ရသည့်အတွက် သတင်းထဲမှ ပုဂ္ဂိုလ်များ၊ သတင်းရေးသားခဲ့သူများ၊ သတင်းဖော်ပြသော သတင်းစာများအား အသိအမှတ်ပြုလျက် အထူးကျေးဇူးတင်ရှိပါကြောင်း တင်ပြအပ်ပါသည်။

တက်ခေတ်